## Sixth Sunday in Ordinary Time

**1st READING:** ***Sirach 15: 15-20***

*ဆီရပ်ခ်၏နီတိဒေသနာကျမ်း   ၁၅း ၁၅–၂၀*

သင်အလိုရှိလျှင်သင်သည်ပညတ်တော်များကိုလိုက်နာစောင့်ထိန်းနိုင်၏။သစ္စာရှိစွာစောင့်ထိန်းမည်မထိန်းမည်ကိုကား သင်၏ကောင်းသောအလိုဆန္ဒအပေါ်မှာတည၏။ကိုယ်တော်သည် သင်၏ရှေ့တွင် မီးနှင့်ရေကိုချထားပေးလေပြီ။ သင်ကြိုက်နှစ်သက်ရာကိုရွေးချယ်၍သင်၏လက်နှစ်ဘက်ကိုဆန့်တန်းလေလော့။ လူ၏ရှေ့တွင် အသက်ရှင်ခြင်းနှင့် သေခြင်းကို ထားလေပြီ။ သူနှစ်သက်ရွေးချယ်ရာကို သူ့အားပေးလိမ့်မည်။ ကိုယ်တော်၏ဉာဏ်ပညာတော်သည် ကြီး မားကျယ်ပြန့်တော်မူ၏။ ကိုယ်တော်သည် ဘုန်းတန်ခိုးအားလုံးစုံနှင့် ပြည့်စုံတော်မူ၍ အရာရာကို မြင်နိုင်တော်မူ၏။ မိမိကို ကြောက်ရွံ့ရိုသေသော သူတို့အားကိုယ်တော်သည် ကြည့်ရှု စောင့်မတော်မူ၍ လူသားကပြုသမျှ မည်သည့် လုပ်ရပ်ကိုမဆို ကိုယ်တော်သိမြင်တော်မူ၏။ ကိုယ်တော်သည် မည်သူ့ကိုမျှ ဆိုးသွမ်းမိုက်မဲရန် အမိန့်ပေးတော် မမူချေ။ ထိုနည်းတူမည်သူ့ကိုမျှလည်း အပြစ်ကျူးလွန်ရန် အခွင့်ပေးတော်မူသည် မဟုတ်ချေ။

**Responsorial Psalm  Psalm 119: 1-2, 4-5, 17-18, 33-34**

ဆာလံကျမ်း        ၁၁၉း ၁–၂၊ ၄–၅၊ ၁၇–၁၈၊ ၃၃–၃၄

၁–၂။ထာဝရဘုရား၏တရားတော်နှင့်အညီလျှောက်လှမ်းရာ၌အပြစ်တင်ဖွယ်မရှိသောလမ်းစဉ်ကိုလိုက်သော
သူတို့ သည် မင်္ဂလာရှိကြ၏။ ကိုယ်တော်၏ သွန်သင်ချက် များကို လိုက်နာထိန်းသိမ်း၍၊ စိတ်နှလုံးအ
ကြွင်းမဲ့ ကိုယ်တော်ကိုရှာဖွေကြ သောသူတို့သည် မင်္ဂလာရှိကြ ၏။

၄–၅။ ကိုယ်တော်သည် မိမိပညတ်တော်တို့ကိုကြိုးစာ လိုက်နာကြစေရန် မိန့်မှာတော်မူ၏။ ကိုယ်တော်၏
ပညတ်ဥပဒေတို့ကို လိုက်နာရာ၌ တပည့်တော်သည်တည်ကြည်မြဲမြံစွာ လျှောက်လှမ်းနိုင်ပါစေ။

၁၇–၁၈။ ကိုယ်တော်၏ ပညတ်တော်များမှ အံ့ဘွယ်ရာတို့ကို တွေ့မြင်နိုင်ရန်တပည့်တော်၏မျက်စိများ
ကိုဖွင့်တော်မူပါ။ တပည့်တော်သည် ကမ္ဘာပေါ်တွင် ဧည့်သည် သာဖြစ်ပါ၏။ ကိုယ်တော်၏ ပညတ်
တော်များကို တပည့်တော်ထံမှ ဝှက်ကွယ်ထားတော် မမူပါနှင့်။

၃၃–၃၄။ ကြံ့ပါမည်။ ကိုယ်တော်၏ ပညတ်တော်ကို လိုက်နာ စောင့်ထိန်းနိုင်ရန်၊ တပည့်တော်အား
အသိဉာဏ်ကို ပေးသနားတော်မူပါ။တပည့်တော်သည် ပညတ်တော် ကို စိတ်နှလုံးအကြွင်းမဲ့ စောင့်
ထိန်းပါမည်။ တပည့် တော်သည်ကိုယ်တော်၏ပညတ်တော်တို့ကို နှစ်သက် မြတ်နိုးသောကြောင့်
ပညတ်တော်တို့၏ လမ်း၌ တပည့်တော်ကိုဦးဆောင်တော်မူပါ။

**READING**: **1 Corinthians 2:6-10**

ကော်ရင့်သုသြဝါဒပထမစာစောင် ၂း ၆–၁၀

သို့ဖြစ်သော်လည်း၊ငါတို့သည်ရင့်ကျက်သောသူများ အားဉာဏ်ပညာကိုပြောဆိုကြ၏။ထိုဉာဏ်ပညာသည် ဤခေတ်ကာလနှင့် ဆိုင်သည်မဟုတ်၊ မလွဲမသွေ ပျောက်ကွယ်သွားကြရမည့် ဤခေတ်ကာလ၏အုပ်ချုပ်သူမင်းများနှင့်လည်းမသက်ဆိုင်ပေ။ငါတို့၏ဘုန်းကျက်သရေအတွက်၊ဤခေတ်ကာလမတိုင်မီကပင်ဘုရားသခင်စီရင်ထားတော်မူသောကိုယ်တော်၏လျှို့ဝှက်ဖုံးကွယ်လျက်ရှိသောဉာဏ်ပညာကိုငါတို့သွန်သင်ပြောဆိုကြ၏။ဤအရာကိုဤခေတ်ကာလ၏အုပ်ချုပ်မင်းများတွင်တစ်ဦးတစ်ယောက်မျှနားမလည်ခဲ့ပေ။အကြောင်းမူကား၊ သူတို့သာနားလည်ခဲ့ကြပါ လျှင်၊ဘုန်းအာနုဘော်တော်ရှင်ကို လက်ဝါးကပ်တိုင် တင်ခဲ့ကြမည်မဟုတ်ပေ။သို့ရာတွင်ကျမ်းစာတွင်ရေး သားသည်ကား မည့်သည့်မျက်စေ့နှင့်မျှ မမြင်စဖူး၊ နားဖြင့်လည်းမကြားစဖူး၊ လူသား၏နှလုံးတွင်ပေါ် ပေါက်ခြင်းမရှိခဲ့ဖူးသည့် အမှုအရာကို ဘုရားသခင် သည်မိမိကိုချစ်သော သူတို့အတွက် ပြင်ဆင်ထား တော်မူ၏။ ဘုရားသခင်သည် ဤအရာများကို ဝိညာဉ်တော်ဘုရားအားဖြင့်ငါတို့အားဖော်ပြတော်မူပြီ။အကြောင်းမူကားဝိညာဉ်တော်သည်အရာခပ်သိမ်းကိုစူးစမ်းရှာဖွေတော်မူ၏။ဘုရားသခင်၏ နက်ရှိုင်းမှု ကိုပင်မချန်လှပ်ပေ။

**GOSPEL:** ***Matthew 5:17-37***
ရှင်မာတေဦး ဧဝံဂေလိကျမ်း **၅း ၁၇–၃၇**

ပညတ်ဥပဒေကျမ်းနှင့် ပရောဖက်ကျမ်းများကို ပယ် ဖျက်ခြင်းငှါ၊ငါလာသည်ဟုမထင်ကြနှင့်။ပယ်ဖျက်ခြင်းငှါမဟုတ်၊ ပြီးပြည့်စုံစေခြင်းငှာငါလာသတည်း သင်တို့အား ငါအမှန်ဆိုသည်ကား ကောင်းကင်နှင့် မြေကြီးပျောက်ကွယ်သွားသည့်တိုင်အောင်အားလုံး သည် ပြီးပြည့်စုံခြင်းသို့မရောက်မချင်းပညတ်တရားကျမ်းမှ အငယ်ဆုံးသော စာလုံးတစ်လုံး၊ အသတ် အလပ် တစ်ခုမျှ မကွယ်မပျောက်ရာ။ ထို့ကြောင့် မည်သူမဆို ဤအငယ်ဆုံးသောပညတ် တို့တွင် တစ်ပါးပါးကို ကိုယ်တိုင်ကျူးလွန်၍ အခြား သူတို့ အားလည်း ထိုနည်းတူ ကျူးလွန်ရန် သွေးဆောင်လျှင် ထိုသူသည်ကောင်းကင်နိုင်ငံတော် တွင်အသိမ်ငယ်ဆုံးသောသူဟုအခေါ်ခံရလိမ့်မည်။ သို့ရာတွင်မည်သူမဆိုပညတ်တော်များကိုကိုယ်တိုင် ကျင့်၍အခြားသူတို့အားလည်းကျင့်ရန်သွန်သင်လျှင် ထိုသူသည်ကောင်းကင်နိုင်ငံတော်တွင်ကြီးမြတ်သောသူဟုအ ခေါ်ခံရလိမ့်မည်။ အကြောင်းမူကားသင်တို့ ၏အကျင့်သည် ကျမ်းတတ်ဆရာများနှင့်ဖာရိဇေဦး တို့၏အ ကျင့်တရားထက်သာ၍မမွန်မြတ်လျှင်သင်တို့သည် ကောင်းကင်နိုင်ငံသို့ဝင်ကြရလိမ့်မည်မဟုတ်ဟုငါဆို၏။ လူ့အသက်ကို မသတ်နှင့်။ သတ်သော သူသည် ရုံး၌အပြစ်စီရင်ခြင်းကိုခံထိုက်၏ဟူ၍ရှေးလူကြီးတို့အားပညတ်ထားခဲ့သည်ကိုသင်တို့ကြားခဲ့ရလေပြီ။ ငါမူကား သင်တို့အားဆိုသည်မှာမည်သူမဆိုမိမိညီ အစ်ကိုအပေါ် အမျက် ဒေါသထွက်လျှင် ရုံးတော်၌ အပြစ်စီရင်ခြင်းကို ခံထိုက်၏။ မိမိညီအစ်ကိုအား ရာကာဟုခေါ်၍ ကဲ့ရဲ့စော်ကားသောသူသည်လွှတ် တော်၌အပြစ်စီရင်ခြင်းကိုခံထိုက်၏။ မိမိညီအစ် ကိုအားအရူးဟုခေါ်သောသူသည်ဂေဟေနာမီးဒဏ်ကို ခံထိုက်၏။ ထို့ကြောင့် သင်၏ အလှူကိုပူဇော်ရန် ယဇ်ပလ္လင်သို့ယူဆောင်လာသောအခါသင်၏ညီအစ်ကိုသည်သင့်အပေါ်အပြစ်တင်စရာတစ်စုံတစ်ခုရှိသည်ကိုထိုနေရာ၌သင်သတိရလျှင်။သင်၏အလှူကိုယဇ်ပလ္လင်ရှေ့မှာထားခဲ့၍သူနှင့်သင့်မြတ်အောင်ဦးဆုံးပြောဆိုပြီးမှ အလှူကိုပူဇော်ဆက်ကပ်လော့။သင်၏တရားပြိုင်ဘက်နှင့်အတူတရားရုံးသို့သွားနေစဉ်လမ်း၌သူနှင့်ပြန်လည်သင့်မြတ်အောင်အလျင်အမြန်ပြုလော့၊ထိုသို့မပြုလျှင်သူသည်သင့်ကိုတရားသူကြီး၏လက်သို့အပ်လိမ့်မည်။ တရားသူကြီးသည်လည်းသင့်ကို မင်းအမှုထမ်းအားအပ်၍ထောင်ထဲ၌ချထားလိမ့်မည်။ သင်ပေးဆောင်ရမည့်ငွေကို အကုအစင်မပေးမချင်းထောင်ထဲမှထွက်ရလိမ့်မည်မဟုတ်ဟုသင့်အား ငါအမှန်ဆို၏။ တစ်ပါးသူ၏မယားကို မပြစ်မှားရဟူသော ပညတ် စကားကိုသင်တို့ကြားခဲ့ကြပြီ၊ ငါမူကားသင်တို့အားဆိုသည်မှာအမျိုးသမီးတစ်ဦးအားကိလေသာစိတ်နှင့် ကြည့်သောသူ ဟူသမျှသည် မိမိစိတ်နှလုံးတွင်ထိုအမျိုးသမီးကိုပြစ်မှားလေပြီ။အကယ်၍သင်၏လက်ယာမျက်စိသည်သင့်ကိုအပြစ်ထဲသို့ကျရောက်စေလျှင် ထိုမျက်စိကိုထုတ်ပစ်လော့။ အကြောင်းမူကား သင်၏ ကိုယ်ခန္ဓာတစ်ခုလုံးငရဲသို့ချခြင်း ခံရသည်ထက်ကိုယ်အင်္ဂါတစ်ခုဆုံးရှုံးရသည်ကသာ၍ကောင်း၏။သင်၏လက်ယာလက်သည်သင့်ကိုအပြစ်ထဲသို့ကျရောက်စေလျှင်ထိုလက်ကိုဖြတ်ပစ်လော့။အကြောင်းမူကား သင်၏ကိုယ်ခန္ဓာတစ်ခုလုံး ငရဲသို့ချခြင်းခံရသည်ထက် ကိုယ်အင်္ဂါတစ်ခုဆုံးရှုံးရသည်ကသာ၍ ကောင်း၏။ မည်သူမဆိုမိမိမယားနှင့် ကွာရှင်းလိုလျှင်ဖြတ်စာကို ပေးစေဟူ၍လည်းအဆိုရှိ၏။ငါမူကားသင့်တို့အား ဆိုသည်မှာအိမ်ထောင်ရေး ဖောက်ပြန်ခြင်းအကြောင်း မှတစ်ပါးအခြားအကြောင်းပြချက်ဖြင့်မိမိမယားကို ကွာရှင်းသော သူသည် သူမအားအကျင့်တရား ဖောက်ပြန်ခြင်းသို့ ရောက်စေ၏။ကွာရှင်းထားသောအမျိုးသမီးကိုယူ သောသူသည်လည်း

သူ့မယားကိုပြစ်မှားရာရောက်၏။ တစ်ဖန်၊ မမှန်ကန်သောကျိန်ဆိုခြင်းကိုမပြုနှင့်၊ ဥင်ပြုသောကတိသစ္စာကို ဘုရားသခင်ရှေ့တော်၌တည် စေလော့ဟု ရှေးလူကြီးတို့အားပညတ်ထားသည်ကို သင်တို့ကြားခဲ့ရပြီ။ ငါမူကားသင်တို့အားဆိုသည်မှာ ကျိန်ဆိုခြင်းကို လုံးဝမပြုရ၊ ကောင်းကင်ကိုလည်း တိုင်တည်၍မကျိန်ဆိုရ၊ အကြောင်းမူကား ကောင်း ကင်သည် ဘုရားသခင်၏ပလ္လင်တော်ဖြစ်၏။ ကမ္ဘာမြေကြီးကိုလည်း တိုင်တည်၍ မကျိန်ဆိုရ၊ အကြောင်းမူကားကမ္ဘာမြေကြီးသည်ဘုရားသခင်၏ ခြေတင်ရာခုံဖြစ်၏။ ဂျေရုဆလင် မြို့တော်ကိုလည်း တိုင်တည်၍မကျိန်ဆိုရ၊အကြောင်းမူကားထိုမြို့သည်ကြီးမြတ်သော ဘုရင်၏မြို့တော်ဖြစ်၏။ သင်၏ ဦးခေါင်းကိုလည်းတိုင်တည်၍မကျိန်ဆိုရ၊အကြောင်းမူကားဆံခြည် တစ်ပင်ကို မှဲဖြူစေခြင်းမည်း စေခြင်းငှာ၊ သင်မတတ်နိုင်။ သင်တို့ စကားမူကားဟုတ်သည်ဟုဆို လိုလျှင်ဟုတ်သည်ဟုပြောလော့၊ မဟုတ်ပါဟုဆိုလိုလျှင် မဟုတ်ပါဟုပြောလော့။ဤထက်ပိုသောစကားသည်မကောင်းခြင်းမှလာ၏။